environmental investigation agency

သတင်း ထုတ်ပြန်ချက်

၂၀၁၆ ဩဂုတ်လ ၃ ရက် ၊ ဗုဒ္ဓဟူးနေ့ - ချက်ခြင်းထုတ်ပြန်ရန်

# မြန်မာအစိုးရ၏ သစ်ထုတ်ခွင့် တားမြစ်ချက်သည် သစ်တောထိန်းသိမ်းမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် အရေးကြီးသည့် ခြေလှမ်းဖြစ်

**လန်ဒန် -** မြန်မာအစိုးရသစ်က နိုင်ငံတစ်ဝန်း သစ်ခုတ်ခွင့် တစ်နှစ်ပိတ်ပင်လိုက်ခြင်းနှင့် ပဲခူးရိုးမတွင် ၁၀ နှစ် သစ်ခုတ်ခွင့် တားမြစ်လိုက်ခြင်းသည် နှစ်ပေါင်းများစွာ စည်းမဲ့ကမ်းမဲ့ ထုတ်ယူသုံးစွဲခံနေရသော သစ်တောများဆက်လက်ရှင်သန်ခွင့်အတွက် အသက်ရှူခွင့် ပေးလိုက်ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း သစ်ခုတ်ခွင့်ပိတ်ပင်ချက်သည် ၂၀၁၇ မတ်လအထိ သက်ရောက်မည်ဖြစ်ပြီး၊ သစ်ခုတ်ရာသီတစ်ခုစာ အပြည့်တားဆီးလိုက်ခြင်းဖြစ်သည်။ နိုင်ငံခြားသို့ သစ်လုံးတင်ပို့ခွင့်ကို ၂၀၁၄ ဧပြီလမှ တားဆီးခဲ့ပြီးဖြစ်သည်။

ယခုထုတ်ပြန်သည့် နိုင်ငံတစ်ဝန်း သစ်ခုတ်ခွင့်တားမြစ်ချက်ကာလအတွင်းတွင် ပြည်တွင်း သစ်ချော ထုတ်လုပ်ငန်းနှင့် နိုင်ငံတကာဈေးကွက်အတွက် သိုလှောင်ထားသော လက်ကျန်သစ်များမှသာ သုံးစွဲမည်ဖြစ်သည်။ ရှိနှင့်သော သစ်ပမာဏဖြင့် လက်ရှိ လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်လိမ့်သည်။

သိုလှောင်ထားသော သစ်များကို အစိုးရပိုင်လုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့သစ်လုပ်ငန်း (Myanmar Timber Enterprise) ၏ ထိန်းချုပ်မှုအောက်တွင် ထားရှိမည်ဖြစ်သောကြောင့်၊ ထိုသစ်များကို မြန်မာ့ သစ်လုပ်ငန်းမှတဆင့်သာ ဝယ်ယူနိုင်မည်ဖြစ်သည်။ ယင်း လက်ကျန် သစ်အားလုံးကို ဝယ်ယူနိုင်ရန် ဌာနတစ်ခုအောက်တွင်သာ ထားလိုက်ခြင်းသည် အရေးကြီးသော လုပ်ဆောင်ချက် ဖြစ်ပြီး၊ တရားမဝင်ခုတ်ယူထားသောသစ်များအား ၎င်းစနစ်ကို လက်တစ်လုံးခြားပြု၍ ရောင်းဝယ်ခြင်းကို တားမြစ်ရန်ဖြစ်သည်။

ယုံကြည်စိတ်ချရသော ထိန်းချုပ်မှုစနစ်ထားရှိခြင်းဖြင့် မိမိနိုင်ငံတွင်းသစ်တင်သွင်းခွင့်ရရှိရန် ဥပဒေအရ ပွင့်လင်းမြင်သာမှုအပြည့်ဖော်ဆောင်ရသော နိုင်ငံတကာမှ သစ်ကုန်သည်များ (အထူးသဖြင့် ဥရောပမှ သစ်ကုန်သည်များ) အတွက် အထောက်အကူဖြစ်စေမည်။

"ဒီကြေငြာချက်အရ မတ်လကနေ အာဏာရလာတဲ့ အန်အယ်လ်ဒီ အစိုးရသစ်ဟာ  သစ်တောဌာန တွင်း ဖြစ်နေတဲ့ လာဘ်စားမှုတွေကို တိုက်ဖျက်ဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုတာ ဖော်ပြနေပါတယ်။" ဟု

အီးအိုင်အေအဖွဲ့၏ သစ်တောဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအသင်း ခေါင်းဆောင် Faith Doherty က ပြောပါတယ်။

"လက်ရှိပြဿနာအားလုံးကို ဖြေရှင်းနိုင်တဲ့ တစ်ခုတည်းသော ပေါ်လစီမရှိပါဘူး။ လုပ်ဆောင်စရာတွေ အများကြီး ရှိနေသေးတယ်ဆိုတာလဲ အမှန်ပါ။ ဒါပေမဲ့ အစိုးရသစ်ရဲ့ အခုဆုံးဖြတ်ချက်ဟာ အားတက်စရာပါ။ ရှေ့လုပ်ငန်းတွေအတွက် အပြုသဘောဆောင်တဲ့ ခြေလှမ်းသစ်ပါပဲ။"

မြန်မာ့သစ်လုပ်ငန်းနှင့် သစ်ကုန်သွယ်မှုကဏ္ဍတွင်  စီမံခန့်ခွဲမှုအမှားနှင့် လာဘ်စားမှု နစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ပြီးနောက် ဤသစ်ခုတ်ခွင့် တားမြစ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ လာဘ်စားမှုများနှင့် စီမံခန့်ခွဲမှုအမှားများကြောင့် ပဋိပက္ခများဖြစ်လာပြီး၊ လူအချို့ကို ကြွယ်ဝချမ်းသာသွားစေခဲ့သည်။ လိုသည်ထက်ပို၍ခုတ်ယူခြင်း၊ နစ်စဉ်သတ်မှတ်ထားသော ထုတ်ယူခွင့်ပမာဏထက်ကျော်လွန်၍ ခုတ်ယူခြင်းနှင့် ကျွန်းသစ်၊ ပိတောက်နှင့် မြန်မာ့ရိုဇ်ဝုဒ်(တမလန်း) ကဲ့သို့သော အဖိုးတန် သစ်မျိုးစိတ်များကို တရားမဝင်ခုတ်ယူခြင်းများ ကျယ်ပြန့်စွာဖြစ်စေခဲ့သည်။

ထိုသို့အထိန်းအကွပ်မဲ့သစ်ခုတ်မှု၏ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှုနှုန်း အဆိုးဝါးဆုံးဖြင့် ရင်ဆိုင်နေရသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(Food and Agriculture organization of the United Nations) ၏ အဆိုအရ ၂၀၁၀ နှင့် ၂၀၁၅ အတွင်း မြန်မာ့သစ်တော ဟက်တာ ၃.၂ သန်း ပြုန်းတီးသွားခဲ့သည်ဟုဆိုသည်။ ထိုမျှများပြားလွန်းသော ပမာဏသည် တစ်နိုင်ငံလုံးသစ်တောဖုံးလွှမ်းမြေ၏ ၁၀.၈ ရာခိုင်နှုန်းခန့်ရှိသည်။ ဘရာဇီးလ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်သာ ထိုသို့ဆိုးရွားသော သစ်တောပြုန်းတီးမှုဖြစ်ခဲ့ဖူးသည်။

ထပ်မံ၍ အစိုးရက ပုဂ္ဂလိကကုမ္ပဏီများ သစ်ခုတ်ခွင့်ကို တားမြစ်သည့် ကြေငြာချက် ထုတ်ရန်ရှိသည်။ မြန်မာ့သစ်လုပ်ငန်း(Myanmar Timber Enterprise) သည် ယခင်က ပုဂ္ဂလိက ကုမ္ပဏီများကို သစ်ခုတ်ခွင့် လိုင်စင်များချပေးခဲ့သည်။ ထို  ပုဂ္ဂလိကကုမ္ပဏီအများစုသည် သစ်အလွန် အကျွံခုတ်မှု အတွက် တာဝန်ရှိသည့် ယခင် စစ်အစိုးရဟောင်းနှင့် ဆက်စပ်သူများဖြစ်သည်။

အီးအိုင်အေအဖွဲ့၏ အကြီးတန်းအရာရှိများသည် လွန်ခဲ့သည့်အပတ်က နေပြည်တော်သို့ သွားရောက်ကာ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ လွှတ်တော်အမတ်များ၊ သစ်တောဌာနမှ အစိုးရအရာရှိများနှင့် တွေ့ဆုံခဲ့သည်။

ထိုခရီးစဉ်အတွင်း အီးအိုင်အေက ယမန်နှစ် စက်တင်ဘာတွင် ၎င်းထုတ်ဝေခဲ့သော အစီရင်ခံစာ Organized Chaos ထွက်ရှိပြီးနောက်ပိုင်း မြန်မာနှင့် တရုတ်နယ်စပ်တစ်လျှောက် သစ်ခိုးထုတ်မှု နောက်ဆုံးအခြေအနေများကို တင်ပြခဲ့သည်။ ယင်းအစီရင်ခံစာတွင် သစ်ပမာဏ ၉၀၀၀၀၀m$^3$ (အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန်ဖိုးရှိသော) နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တရားမဝင်ရောက်ရှိမှုအကြောင်း တင်ပြထားသည်။

အီးအိုင်အေ၏ အစီရင်ခံစာထွက်ရှိပြီးနောက် တရုတ်အစိုးရက မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော ၎င်း၏ နယ်စပ်တစ်လျှောက်သစ်ကုန်သွယ်မှုကို ခတ္တရပ်ဆိုင်းကြောင်း ကြေငြာခဲ့သည်။ ထိုကြေငြာချက် ယခုတိုင် သက်ရောက်မှုရှိနေပြီး၊ နယ်စပ်တရားဝင်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံတွင်း သစ်ဝင်ရောက်မှု ထိုးကျသွားသည်ကို တွေ့ရသည်။ သို့သော် တရားမဝင် နယ်စပ် ဝင်ပေါက်များမှတဆင့် တရုတ်နိုင်ငံသို့ သစ်တင်သွင်းမှုများ ရှိနေဆဲဖြစ်သည်။

"တရားဝင် နယ်စပ်ဂိတ်များမှတဆင့် သင်ကုန်သွယ်မှု ကျဆင်းသွားသည့်အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနဝန်ကြီး ဦးအုန်းဝင်းက သစ်ခုတ်ခွင့်တားမြစ်ချက် ကြေငြာချက်ကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ သစ်တောစီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု စနစ်သစ်ကို ဝင်ရောင်လာပြီး၊ ဒါဟာ မျှော်လင့်ချက်ရောင်ခြည်ပါပဲ။ ဒီစနစ်ဟာ အရင်အစိုးရရဲ့ သစ်တွေကို ခုတ်ယူ၊ တင်ပို့ဆိုတဲ့ စနစ်ဟောင်းနဲ့ ကွဲပြားပြီး၊ လူထုစိတ်ဝင်စားစေတဲ့ အနေအထားမှာ ရောက်နေပါပြီ။" ဟု Faith Doherty က ဆိုပါသည်။

- Faith Doherty အား မေးမြန်းရန် faithdoherty@eia-international.org သို့မဟုတ် ဖုန်းအမှတ် +၄၄ (၀) ၇၅၈၃ ၂၈၄၀၇၀ ကတဆင့် ဆက်သွယ်နိုင်ပါသည်။

**တည်းဖြတ်သူများ၏ မှတ်ချက်-**

၁။ သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့ (အီးအိုင်အေ) သည် ဗြိတိန်နိုင်ငံနှင့် ဝါရှင်တန်ဒီစီမြို့တွင် အခြေစိုက်သော အစိုးရ မဟုတ်သည့် အဖွဲ့အစည်းတခုဖြစ်ပြီး သဘာဝ တောရိုင်း အရင်းအမြစ်များ ကုန်သွယ်မှု၊ တရားမဝင် သစ်ခုတ်မှု၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်သော စွန့်ပစ်ပစ္စည်း တရားမဝင်ကုန်သွယ်မှု၊ ရာသီဥတုနှင့် အိုဇုန်းလွှာအား ပြောင်းလဲမှု ဖြစ်စေသော ဓာတုပစ္စည်းများ ကုန်သွယ်မှုတို့ ပါဝင်သော ကျယ်ပြန့်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးမှုပြုပြီး မလုပ်ရန်လည်း စည်းရုံးလှုံ့ဆော်နေသော အဖွဲ့အစည်း တခုလည်း ဖြစ်သည်။

၂။ *အစီစဉ်တကျ ရှုပ်ထွေးမှု ။ ။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား တရားမဝင်ကုန်းလမ်းကြောင်း သစ်ကုန်သွယ်မှု* အစီအရင်ခံစာအား https://eia-international.org/wp-content/uploads/EIA-Organised-Chaos-FINAL-lr.pdf မှ ကူးယူ ဖတ်ရှုနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့
62-63 Upper Street
London N1 0NY
UK

www.eia-international.org
Tel: +44 207 354 7960